## ရိသဲ့သဲ့ (၁၉၄၁)
## မြမျိုးလွင် (၁၉၀၂–၁၉၇၀)






ဝတ္ထုနှင့် ဝတ္ထုရေးသူ

မူလက **မန္တလေး သူရိယ**သတင်းစာတွင် သုံးလနီးပါး ဖော်ပြခဲ့သော အခန်းဆက်ဝတ္ထုရှည်ဖြစ်သည်။ ထို့နောက် ပထမပိုင်း ဒုတိယပိုင်း ခွဲ၍ စာအုပ်ထုတ်ဝေသည်။ စာအုပ်အဖြစ်ရောက်ပြီးနောက်တွင် ဗြိတိသျှဘားမားကုမ္ပဏီ ဒါရိုက်တာ ဆရာခန့်က အသံထွက်ဇာတ်ကားအဖြစ် ရိုက်ကူးခဲ့သည်ဟု သိရသည်။ ရုပ်ရှင်ဇာတ်ကားအဖြစ် ရုံတင်ပြသသောအဆင့်သို့ ရောက် မရောက်ကား မသိရပေ။

ဝတ္ထုမှာ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော သတင်းစာဆရာတစ်ယောက်၏ ယုံကြည်ချက်အတွက် အခက်အခဲများကို နစ်နာခံ၊ ကိုယ်ကျိုးစွန့်ခဲ့သော အဖြစ်ကို အဓိကထား ရေးသားသည့် ဇာတ်လမ်းဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ စာရေးဆရာက အမှာတွင်–

တိုင်းပြည်နှင့် အမျိုးသားကို ချစ်ခင်သော စိတ်ဓာတ်
ကြောင့် နိုင်ငံရေးကို ဝင်၍ဆောင်ရွက်သောအခါ အသင်း
အဖွဲ့ခေါင်းဆောင်သော်လည်းကောင်း၊ ပါတီအင်အား
များသော ရှေ့သွားသော်လည်းကောင်း၊ ဥပဒေပြုအမတ်
အဖြစ်သော်လည်းကောင်း တစ်နေရာရာတွင် ထူးချွန်စွာ
ဆောင်ရွက်နိုင်သောအခါ ထိုက်သည့် အားလျော်စွာ
ရာထူးများ ရသည်နှင့်တစ်ပြိုင်နက် ကိုယ်ကျိုး ကိုယ်စီးပွား
များစွာဖြစ်ထွန်းကြသော်လည်း သတင်းစာလုပ်ငန်းဖြင့်
တိုင်းပြည်၏ နားမျက်စိကို ဖွင့်ပေးသူများမှာကား ရှိ
သော စည်းစိမ်သာလျှင် တဖြည်းဖြည်းကုန်ပြီးလျှင် တိုင်း
သူပြည်သား ကျေးဇူးများသလောက် သတင်းစာ ထုတ်
ဝေသူမှာ ငွေကုန်လူပန်းဖြင့် မွန်မြတ်လှသော အနစ်နာခံ
ခြင်းမျိုးနှင့် ခံနေကြရသည့် ထိုခေတ် သတင်းစာလောက
အကြောင်း ရေးသားလိုစိတ်ဖြစ်ခဲ့ပြီး ထိုစိတ်ဓာတ်ဖြင့်
ဇာတ်လမ်း ဇာတ်ကွက် ဇာတ်ဆောင်တို့ကို စဉ်းစားသော
အခါ သတင်းစာလုပ်ငန်းဖြင့် အနစ်နာခံနေသည့် **မန္တလေး
သူရိယ** သတင်းစာတိုက်ပိုင်ရှင် ဦးထွန်းရီကိုသာလျှင်
ကွင်းကွင်းကွက်ကွက် လာ၍ မြင်ရုံသာမက သတင်းစာ
မထုတ်လျှင် တစ်သက်ပတ်လုံး မပူမပင် မတောင့်မတ
မကြောင့်မကြ ချမ်းသာစွာနေနိုင်ပါလျက် သတင်းစာ
ထုတ်မိခြင်းကြောင့် ရှိသမျှ စည်းစိမ်ကုန်ကာ တိုင်းပြည်
နှင့် အမျိုးသားအတွက် အနစ်နာခံ၍ ဆောင်ရွက်နေ
သည်ကို ကျွန်ုပ်၏ ကိုယ်တွေ့မျက်မြင်ဖြစ်သည့်အတိုင်း
သူ့အကြောင်းကို တိုင်းပြည်သိအောင် တစ်ဆင့် ပြောပြ
လိုသော ဆန္ဒမှာ အပြင်းအထန် တိုက်တွန်းလာသဖြင့်
ဤဝတ္ထုကို ရေးသားရကြောင်း။
ဖော်ပြထားလေသည်။

အမှန်ပင် စာရေးဆရာကိုယ်တိုင် ထိုအချိန် သတင်းစာလောကကို အတွင်း အပြင် နှံ့နှံ့စပ်စပ် သိကျွမ်းခဲ့ပြီးဖြစ်သည်မှာ ထင်ရှားလှပေသည်။ စာရေးဆရာသည် သတင်းစာလုပ်ငန်းကို စာစီခုံ၊ အယ်ဒီတာစားပွဲ၊ ပုံနှိပ်စက်မှအစ လမ်းဘေး သတင်းစာရောင်းသမားအထိ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်ကိုတွေ့ရ၏။ သတင်းစာဆရာတစ်ဦးတွင် ရှိသင့်သော ကျင့်စဉ်၊ ယုံကြည်ချက်တို့နှင့်ပတ်သက်၍လည်း စာရေးဆရာသည် အတော်ပင် ပြည့်ပြည့်စုံစုံ ဖော်ပြထားပေသည်။

သတင်းစာဆရာကို အဓိက ဇာတ်ဆောင်ဖွဲ့၍လည်းကောင်း၊ သတင်းစာလုပ်ငန်းကို ဇာတ်လမ်း ကျောရိုးပြု၍လည်းကောင်း ရေးဖွဲ့သော ဝတ္ထုမျိုးသည် **ရိသဲ့ သဲ့** ဝတ္ထု ထွက်လာချိန် ကာလပိုင်း၌ အလွန်နည်းပါးသေး၏။ စစ်ပြီးခေတ်နောက်ပိုင်းတွင်မှ သတင်းစာလောက နောက်ခံဝတ္ထုအတော်များများ ထွက်ပေါ်ခဲ့လေသည်။ ယခုအထိ အလားတူဝတ္ထုများတွင် **ရိသဲ့ သဲ့**သည် သတင်းစာလောကနှင့်ပတ်သက်၍ အထူးသဖြင့် လုပ်ငန်းပိုင်းဆိုင်ရာအခြေအနေနှင့်ပတ်သက်၍ အတော်ပင် ပြည့်စုံစွာဖော်ပြနိုင်သော ဝတ္ထုတစ်ပုဒ်ဟု ယူဆရပေသည်။

ဤဝတ္ထု၌ စာရေးဆရာသည် ဇာတ်လမ်းသဘောထက် ဦးတည်ချက်သဘောကို အဓိက အားပြုထားလိုဟန်ရှိပေသည်။ ဝတ္ထု၏ ပထမပိုင်း တစ်ပိုင်းလုံး၌ပင် စာရေးဆရာသည် ဇာတ်လမ်းကို ပျိုးသာပျိုး၍ သတင်းစာလုပ်ငန်းဆိုင်ရာ အခြေအနေ အယူအဆများကို အဓိက အားပြုထားသည်ကို တွေ့ရလေသည်။

မြန်မာဝတ္ထုများ၌လည်းကောင်း၊ ရုပ်ရှင်များ၌လည်းကောင်း လင်အငှားယူသော ဇာတ်လမ်းများကို မကြာမကြာ တွေ့ရတတ်ပေသည်။ ယခုနောက်ပိုင်းမှာပင် ဤသို့သော ဇာတ်လမ်းဖွဲ့ ဝတ္ထုမျိုး၊ ရုပ်ရှင်မျိုးကို တွေ့ကြရလေသည်။

စင်စစ် လင်အငှားယူသော အဖြစ်မျိုးသည် ဖြစ်တောင့်ဖြစ်ခဲသော အဖြစ်မျိုး ဖြစ်လေသည်။ သို့သော် ရှေးအခါကရော ယခုကာလတိုင်အောင် မြန်မာဝတ္ထုဆရာအချို့ ဤဇာတ်လမ်းမျိုး ရေးဖွဲ့ကြသည်မှာ ထူးခြားချက်တစ်ခု ဖြစ်လေသည်။ ဤဇာတ်လမ်းမျိုးကို ပရိသတ်က လက်ခံ ဖတ်ရှုနေကြသည်မှာလည်း စဉ်းစားဖွယ်ပင် ဖြစ်လေသည်။

**ရိသဲ့ သဲ့**သည် လင်အငှားယူသော ဇာတ်လမ်းမျိုးပင်ဖြစ်သည်။ ထို့ကြောင့် ဖြစ်တောင့်ဖြစ်ခဲသော ဇာတ်လမ်းမျိုးဖြစ်သော်လည်း မဆန်းလှသော ဇာတ်လမ်းဟူ၍ ဆိုရပေမည်။

ဇာတ်ဆောင်အဖွဲ့ပိုင်းမှာမူ ထိုက်သည့်အားလျော်စွာ အားရှိသည်ဟု ဆိုချင်၏။ အထူးသဖြင့် မေခင်၏စရိုက်ကို ဖွဲ့ရာ၌ ရှေ့နောက် အဆင်ပြေသည်။ မာနခဲ မေခင်သည် ပီပြင်သည်။ ကိုရေချမ်းအဖွဲ့သည်လည်း သင့်၏။ သို့သော် ကိုရေချမ်းနှင့် မေခင် လက်ထပ်ပြီး အတူနေသော ည၌ ကိုရေချမ်း၏ အပြုအမူ အပြောအဆိုများမှာ အကြောင်းပြချက်အားဖြင့် ခိုင်လုံသည် ဆိုစေဦး၊ ကိုရေချမ်း၏စရိုက်နှင့် များစွာ မလျော်ညီလှဟု သဘောရပေသည်။ သို့စေကာမူ လူတစ်ယောက်တည်း၏ အတွင်းစိတ် ပဋိပက္ခကို ဖော်ပြရာ၌မူ ထိရောက်သည်ဟု သဘောရမိလေသည်။

မြမျိုးလွင်သည် အချီအချ စကားပြောခန်းများကို ရေးသားရာ၌ ပြောင်မြောက်သော စာရေးဆရာကြီးအဖြစ် ထင်ရှားသည်။ **ရိသဲ့ သဲ့**၌လည်း မြမျိုးလွင်၏ ပြောင်မြောက်သော အချီအချစကားများ၊ ရေပက်မဝင်သော ဆင်ခြေဆင်လက် အသုံးအနှုန်းများကို တွေ့နိုင်လေသည်။

**ရိသဲ့ သဲ့**သည် ထိုခေတ် အပျော်ဖတ်ဝတ္ထုများစွာတို့တွင် အပျော်ဖတ် ဇာတ်လမ်းကို အားပြုရေးထားသော ဝတ္ထုဖြစ်စေကာမူ ဦးတည်ချက်အားဖြင့် ထူးခြားသော ဝတ္ထုတစ်ပုဒ်၊ ထိုခေတ်သတင်းစာလောက၏ အခြေအနေနှင့် တစ်ဆက်တည်း နိုင်ငံရေးအခြေအနေကိုပါ ထင်ဟပ်ဖော်ပြနိုင်သော ဝတ္ထုတစ်ပုဒ်အဖြစ် လေးစားသင့်သော ဝတ္ထုတစ်ပုဒ်ဟု ဆိုရမည်ဖြစ်ပေသည်။

မြမျိုးလွင်သည် တစ်ချိန်ကမူ စာရေးအားအကောင်းဆုံး စာရေးဆရာတစ်ယောက်အဖြစ် ထင်ရှားခဲ့လေသည်။ အင်္ဂလိပ်စာရေးဆရာကြီး အိတ်ဂျီဝဲ မြန်မာနိုင်ငံသို့ရောက်လာစဉ် မြမျိုးလွင်နှင့်တွေ့ကြရာ ဝဲက မြမျိုးလွင်အား ဝတ္ထု မည်မျှရေးပြီး ဖြစ်သနည်းဟု မေးမြန်းသည်တွင် မြမျိုးလွင်က လုံးချင်းဝတ္ထု ၄၀၀ ခန့် ရေးသားခဲ့ကြောင်း ပြန်လည်ဖြေကြားခဲ့သည်ဆို၏။ ထိုအခါ ဝဲသည် မြမျိုးလွင်ကို အံ့ဩခဲ့ရလေသည်။ ဤမျှ ရေးအားကောင်းသော စာရေးဆရာ ဖြစ်လေသည်။

မြမျိုးလွင်၏အမည်ရင်းမှာ ဦးဘလွင်ဖြစ်သည်။ မြမျိုးလွင်၏ ဖခင်မှာ မန္တလေးဇာတိသား ဦးမွှန်း ဖြစ်သည်။ မိခင်မှာ စစ်ကိုင်းတောင်ခြေဆားချက်ရွာသူ ဒေါ်ဆိုင် ဖြစ်၏။ မြမျိုးလွင်ကို ၁၉၀၂ ခု ဒီဇင်ဘာလ ၂ ရက် (၁၂၆၄ ခု၊ နတ်တော်လဆန်း ၃ ရက်)အင်္ဂါနေ့တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ ဦးမွှန်း၊ ဒေါ်ဆိုင်တို့၏ တတိယသားဖြစ်သည်။ မန္တလေးမြို့ စိန့်ပီတာကျောင်းတွင် ခုနစ်တန်းအထိ ပညာသင်ခဲ့သည်။

မိခင်မှာ စကားပြော အလွန်ကောင်းသည်။ မြမျိုးလွင်သည် မိခင်ထံမှရသော စကားပြောကောင်း အစဉ်အလာကို ဝတ္ထုများ၌ ထင်ရှားစေခဲ့သည်ဟုဆို၏။

အသက် ၂၄ နှစ်အရွယ်တွင် ဝတ္ထုများ စရေးသည်။ မြမျိုးလွင်ကလောင်အမည်မယူမီက ကလောင်အမည် တစ်ရာခန့် သုံးခဲ့၏။ မြမျိုးလွင်ကလောင်အမည်ဖြင့် ရေးသော ပထမဝတ္ထုမှာ **သော်ကမယ်** ဝတ္ထုဖြစ်သည်။ လေးပဲတန်ခေတ်ကို တည်ထောင်ခဲ့သော စာရေးဆရာတစ်ဦးဖြစ်သည်။

ဝတ္ထုပေါင်း ၄၀၀ ခန့်တွင် **ကျော်ဝ ဘကွန်း** အမည်ရှိ ဟာသဝတ္ထုတစ်ပုဒ်လည်း ပါခဲ့သည်။ ထိုဝတ္ထုမှာ အတွဲပေါင်း ကိုးတွဲအထိရှိ၏။ စာရေးဆရာကိုယ်တိုင် အားရကျေနပ်ခဲ့သော ဝတ္ထုတစ်ပုဒ်ဟု သိရ၏။

**ဤလူ့ဘုံ**သည်လည်း မြမျိုးလွင်၏ ထင်ရှားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

မြမျိုးလွင်သည် ဝတ္ထုရေးဆရာတစ်ယောက်အနေသာမက ဇာတ်ညွှန်းရေးဆရာတစ်ဦးအဖြစ်လည်း ထင်ရှား၏။ အယ်ဒီတာလည်း လုပ်ခဲ့ဖူးသည်။

အရွယ်ကြီးရင့်လာသောအခါ ရေးကလောက် စာရေးအား မကောင်းတော့စေကာမူ စာပေလောက အတွေ့အကြုံများနှင့် ရုံဖန်ရုံခါ ဝတ္ထုများ၊ ဆောင်းပါးများကို ကွယ်လွန်သည့်အချိန်အထိ ရေးခဲ့သည်။

မြမျိုးလွင်သည် ၁၉၇၀ ပြည့် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကွယ်လွန်သည်။ ॥

(မလိခ ၏ မြန်မာဝတ္ထုအညွှန်းပေါင်းချုပ်မှ)

*မလိခညွှန်းဆိုထားသည့် ပထမအကြိမ်ထုတ်မူမှ စာရေးသူ၏ အမှာစာမှာ ရှာဖွေရန် လက်လှမ်းမမီခဲ့သဖြင့် ယခုမူတွင် ဖော်ပြနိုင်ခြင်းမရှိပါ။